



အတွဲ ၄၅။ အမှတ် ၁၀။


# ရွှေသွေး
# Shwethway

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်။ (9-3-2013)

## GRANDPA TELLS YOU A TALE

By Cartoon Pe San




တကယ်တော့ ဖိုးကုန်းဟာ ရွာထဲမှာ မနေပါဘူး။
Indeed, Po Kone did not live in the village.
He lived in the bamboo hermitage of hermit U Dauk Char at the head of the village.
However, he went on alms round with the hermit in the village.
ဆွမ်းတော်ဗျို့
"Alms food is being collected."
Especially, those who gave much trouble to the villagers were the wild elephants fiercer than the ghosts.
Trumpet


To make matters worse, Nga Lone, son of the headman, was trod by the elephant and turned into Mr.Flat.
ငလုံး ငပြား ဖြစ်သွားပြီ အား
"Nga Lone has become "Nga Pyar" or Mr.Flat."
Before long, on account of being lucky, U Paw Na, headman of Kyat Kone Village, did not become the one like his son 'Nga Pyar'.
ကယ်ကြပါဦး၊ အား
"Help me!"
"Because hunchback Po Kone was there in time, he was able to pull the tail of the elephant."


"Seeing that, the villagers were more frightened than ever before."
"Even the wild elephants are afraid of evil Po Kone. What a surprising scene!"
"You laymen...What you are thinking and saying are wrong."
"Actually, because of his wrong doing in his past existence, he becomes ugly in this present existence."
"He was not attacked by the elephants because of his loving kindness on them. Try to understand this."


# သတိပြုမှတ်သားစရာ မျက်စိအန္တရာယ်

စုချွန်ဒီ

ကလေးတို့၊ ဒေါ်ဒေါ်တို့ ခန္ဓာကိုယ်တွေကို အစိတ်အပိုင်းတွေနဲ့ ဖွဲ့စည်းထားတယ်ဆိုတာ ကလေးတို့ သိကြတယ်မဟုတ်လားကွယ်။ အဲဒီခန္ဓာကိုယ်အစိတ်အပိုင်းတွေဟာ သူ့နေရာနဲ့ သူ အရေးပါကြတာတွေချည်းပဲကွဲ့။ အရေးကြီးဆုံးအပိုင်းကတော့ မျက်စိလို့ ဒေါ်ဒေါ်ထင်တယ်။ စာဖတ်တာတွေ၊ တီဗွီကြည့်တာတွေကို မျက်စိကပဲ လုပ်ဆောင်ပေးသလို ကလေးတို့ရဲ့နေ့စဉ်အလုပ်တွေကို မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်လုပ်နိုင်တာလည်း ဒီမျက်စိတွေကြောင့်ပဲနော်။ ဒါကြောင့် ဒီလိုနေ့စဉ်လုပ်ငန်းဆောင်တာတွေကို လုပ်ဖို့ မျက်စိဟာ တစ်ထောင့်တစ်နေရာကနေ အရေးကြီးတာပဲ။ ဒီလိုအရေးပါတဲ့ မျက်စိကို မထိခိုက်စေရအောင်၊ စောင့်ရှောက်ဖို့လိုသလို ထိခိုက်စေမယ့်အရာတွေကိုလည်း ရှောင်ရှားဖို့လိုတယ်။ ကလေးတို့ ဘယ်လိုအချက်တွေကို ရှောင်ရမလဲဆိုတာ ဒေါ်ဒေါ်ပြောပြမယ်။



ပုံထဲမှာ မောင်မောင်ဟာ စာအုပ်ကို မျက်စိနဲ့ အရမ်းကပ်ပြီး ကြည့်နေတာကို ကလေးတို့တွေ့လား။ အဲဒီလိုကြည့်တာမျိုးဟာ မကောင်းတဲ့အတွက် ကလေးတို့ ရှောင်သင့်တယ်။ စာကြည့်ရင် မျက်စိနဲ့ စာအုပ်ကို အနည်းဆုံး ၃၀ စင်တီမီတာ (၁ ပေ) အကွာအဝေးထားပြီး ဖတ်ရမယ်။



ဟော ... ထွန်းထွန်းတစ်ယောက် ပုံပြင်စာအုပ်ကို လဲလျောင်းပြီး ဖတ်နေတယ်။ ဒါမျိုးလည်း ကလေးတို့ ရှောင်ကြရမယ်။ အဲဒီလို လဲလျောင်းပြီး ဖတ်တဲ့အခါမှာ ကလေးတို့ရဲ့မျက်စိက အရမ်းအားစိုက်ကြည့်ရတော့ ကြာလာရင် မျက်စိညောင်းလာတာပေါ့။ ဒါကြောင့် စာဖတ်ရင် မတ်မတ်ထိုင်ပြီးဖတ်တာ အကောင်းဆုံးပဲ။

စုစုတစ်ယောက်တော့ မီးရောင်ရှူးရှူး အောက်မှာ စာဖတ်နေတယ်။ ကလေးတို့ရဲ့ စာကြည့်စားပွဲမှာ အဲဒီလို မီးအရောင်တောက်တဲ့ မီးအိမ်မျိုးနဲ့ စာမကြည့်သင့်ဘူးကွဲ့။ မျက်စိထိခိုက်တတ်တယ်။





အောင်အောင်လေးကတော့ နေကို ဒီအတိုင်း မော့ကြည့်နေတယ်။ အဲဒီလိုကြည့်ရင် မျက်စိတောင် ကွယ်တတ်တယ်ကွဲ့။ နေအလင်းရောင်ဟာ လူသားတွေရဲ့နုနယ်တဲ့ မျက်စိတွေအတွက် အရမ်းတောက်ပပြီး စူးရှလွန်းတယ်။ ဒါကြောင့် နေကို တိုက်ရိုက် ဘယ်တော့မှ မကြည့်နဲ့နော်။

နောက်ပြီး တီဗွီကြည့်တဲ့အခါမှာလည်း တီဗွီနဲ့ အရမ်းကပ်ထိုင်ပြီး မကြည့်ရဘူး။ တီဗွီနဲ့ အနည်းဆုံး ၃ မီတာ (၉ ပေ) အကွာမှာ ထိုင်ပြီး ကြည့်သင့်တယ်။




# ကြက်ဖကြီးရဲ့တာဝန်

ကာတွန်း အောင်ပေ


## THE DUTY OF THE COCK

**By Cartoon Aung Pe**




လေရောမိုးပါအပြင်းအထန်ကျလာတယ်။
The wind and the rain became violent.
Roar....Roar....
ကြောက်စရာကောင်းလိုက်တာ၊
"How terrible.!"
နေရာအနှံ့ရေတွေလွှမ်းမိုးသွားတယ်။
Everywhere was inundated.
ရေတွေများလာပြီ၊ ငါတော့ရေနစ်တော့မယ်။
"Water is rising. I'm going to be drowned."
မိတ်ဆွေငှက်တွေက သူ့ကိုကူညီဖို့စီစဉ်ကြတယ်။
His bird friends made arrangements to help him.
ကြက်ဖကြီးကိုအမြန်ကယ်မှ၊
"We must save the cock quick!"
ငှက်တွေကရှည်လျားခိုင်ခံ့တဲ့တုတ်ကိုယူလာကြပြီး –
The birds brought a strong long stick.
ကြက်ဖကြီး၊ ဒီတုတ်ကိုကိုင်ပြီးလိုက်ခဲ့ပါ။
"Mr.Cock....hold the stick and follow us."
ကြက်ဖကြီးကို ရေဘေးလွတ်ရာသို့သယ်ဆောင်လာတယ်။
Then, the cock was evacuated.
ကြက်ဖကြီး ဒီမှာနေ။
"Mr.Cock.... You'd better stay here."
ရာသီဥတုပြန်လည်ကောင်းမွန်သွားတော့ ကြက်ဖကြီးကသူ့မိတ်ဆွေတွေကိုကူညီဖို့ဆုံးဖြတ်လိုက်တော့တယ်။
When the weather became normal, the cock decided to help his friends.
ဒီလိုလုပ်မယ်။
"I'll do like this."
ထိုအချိန်မှစပြီးငှက်တွေအချိန်မှန်မှန်နိုးအောင်သူကတွန်ပေးနေတော့သတဲ့။
From that time onwards, he crowed regularly to wake the birds up.
"Cock-a-doodle-doo..."
ထကြတော့လေ၊ ကြက်ဖကြီးတွန်နေပြီ၊ အစာရှာထွက်ကြမယ်။
"Wake up...The cock is crowing. Let's go out to look for food!"
ပြီး
END

အမိနိုင်ငံတော်ကို ချစ်မြတ်နိုးပါ။



(ကလေးဝတ္ထု)

# စားသွားပမာ

ချမ်းဝဏ္ဏစိုးဝင်း (တိုက်ကြီး)

မောင်သန်းထိုက်သည် ပင်ကိုမှတ်ဉာဏ်ကောင်းသော ကျောင်းသားဖြစ်သည်။ စာတစ်ပုဒ်ကို အာရုံစိုက်ဖတ်လိုက်လျှင် သုံး၊ လေးခေါက်ထက်မပိုဘဲ အလွတ်ရ၏။ ထို့ကြောင့် အတန်းထဲတွင် အမြဲတမ်း ဗိုလ်စွဲနေတော့၏။ ကျန်အတန်းဖော်များအနက် မောင်ငြိမ်းချမ်းကတော့ အလွန်ဉာဏ်ထိုင်းသူ ဖြစ်သည်။ ဉာဏ်ထိုင်းရသည့်အထဲ ဖွဲ့လုံ့လလည်းမရှိပေ။ ထို့ကြောင့် အတန်းထဲတွင် စာအညံ့ဆုံး ဖြစ်နေသည်။

စတုတ္ထတန်းတွင် မောင်သန်းထိုက် ဉာဏ်ကောင်းသောကြောင့် အမြဲတမ်းစာရသည်ကိုပင် တစ်ခါတလေ သူ့ကိုယ်သူ ဘဝင်မြင့်နေ၏။ အတန်းပိုင်ဆရာမသည် တစ်တန်းလုံးရှိ ကျောင်းသားများအား သန်းထိုက်ဆီ စာများ အလွတ်ဆိုကြရမည်ဟု ပြောသည်။ တစ်နေ့ချင်း စာအလွတ်မဆိုရသေးသည့်ကျောင်းသားစာရင်းကို သန်းထိုက်က နာမည်စာရင်း ရေးမှတ်ပြီး ဆရာမဆီသို့ပြရသည်။ စာမဆိုရသေးသော စာရင်းထဲတွင် ငြိမ်းချမ်းက ထိပ်ဆုံးက။ စာတစ်ပုဒ်ကို တစ်နေ့ချင်း မပြန်နိုင်ဘဲ သုံး၊ လေးရက်ကြာမှသာ ပြန်နိုင်လေ၏။ ထို့ကြောင့်ပင် သန်းထိုက်သည် ငြိမ်းချမ်းကို ပိုနှိမ်တော့သည်။ ငြိမ်းချမ်းသည် မခံချင်စိတ်ဖြင့် စာများကို ပိုကျက်တော့၏။

တစ်နေ့တွင် ငြိမ်းချမ်းသည် စာတစ်ပုဒ်ကို သန်းထိုက်ဆီမှာ အလွတ်ဆိုရသည်။ ထစ်ထစ်ငေါ့ငေါ့ဖြင့် မနည်းပင်ဆိုနေရ၏။ ပြီးခါနီးအပိုဒ်တွင် ငြိမ်းချမ်းမေ့နေ ၍ ဆက်မဆိုနိုင်ပေ။ မရသည့်စာကြောင်းများကို ထောက်ပေးလေ့ရှိသော သန်းထိုက်သည် သည်တစ်ခါတော့ ထောက်မပေး။ သန်းထိုက်သည် သူ့ဆီမှာ စာဆိုလျှင် ပုံနှိပ်စာအုပ်ကို ဘယ်တော့မှ မကိုင်ပေ။ သူရပြီးသားစာများဖြစ်သည့်အတွက်ကြောင့်ပင်။ ယခုတော့ ငြိမ်းချမ်းမေ့နေသော စာကြောင်းကို သူထောက်မပေးနိုင်ပေ။ ထိုအခါ သန်းထိုက်သည် လွယ်အိတ်ထဲမှ စာအုပ်ကိုထုတ်ကာ ထောက်ပြသည်။

"သန်းထိုက်က အရင်ကဆို စာအုပ်ကိုင်စရာမလိုဘူး။ အခု ဘယ်လိုဖြစ်တာလဲ" ဟု ငြိမ်းချမ်းတွေးကာ –

"ဟေ့ သန်းထိုက်၊ မင်း ခုနက ငါမေ့နေတဲ့ စာတွေကို စာအုပ်ကြည့်ပြီး ထောက်ပြတာ ဘာဖြစ်လို့လဲ" ဟု ရိုးရိုးသားသားမေးသော်လည်း –

"ဟာ... ဘာဖြစ်ရမလဲကွ၊ မင်းဆိုတဲ့အပုဒ်ကိုလည်း ကြည့်ဦးလေကွာ၊ တစ်တန်းလုံးဆိုပြီးတာကြာပြီ။ အဲဒီတုန်းကတော့ ငါလည်း စာအုပ်ကြည့်စရာမလိုဘူးပေါ့ကွ။ အခုတော့ အရမ်းကြာနေပြီ၊ ငါမေ့နေပြီပေါ့ကွ။ ငါ့မှတ်ဉာဏ်လည်း အခုလောက်ကြာတော့ ဘယ်မှတ်မိတော့မလဲ" ဟု စိတ်မရှည်ဟန်ဖြင့် ပြန်ပြောလေသည်။

ငြိမ်းချမ်းသည် သန်းထိုက်ပြောသွားသော စကားများကို ပြန်ကြားယောင်ရင်း –

"ဒီကောင် သန်းထိုက်၊ မှတ်ဉာဏ်ကောင်းပြီး အခုတော့ ကျက်ပြီးသား စာတွေမေ့နေပြီပဲ၊ ငါကတော့ ဉာဏ်ထိုင်းသူတစ်ယောက်ဖြစ်ရဲ့နဲ့ ဟိုးအစက စာတွေပါ အခုထိရနေတုန်းပဲ၊ ဘာကွာနေပါလိမ့်" ဟု ငြိမ်းချမ်းက သူ့ကိုယ်သူ သန်းထိုက်နဲ့ ယှဉ်ပြီးသုံးသပ်နေတော့သည်။

"အေး၊ ဟုတ်ပြီ။ ဒီကောင်က မှတ်ဉာဏ်ကောင်းတယ်ဆိုပြီး ရပြီးသားစာတွေ ပြန်မကြည့်တာ ဖြစ်နိုင်တယ်။ ငါကတော့ ဉာဏ်ထိုင်းတော့ အစတုန်းက စာတွေပါ အမြဲပြန်ကျက်နေတာပဲ။ ဒါဆို ဉာဏ်ကောင်းတာနဲ့ မကောင်းတာမဆိုင်ဘူး။ အရေးကြီးတာက စာတွေကို ရှင်းရှင်းလင်းလင်းနဲ့ ခေါင်းထဲထည့်ထားနိုင်ဖို့ပဲ" ဟု ငြိမ်းချမ်းတစ်ယောက် သိသွားတော့သည်။

ငြိမ်းချမ်းသည် သူကိုယ်တိုင် ရှာဖွေသိသွားသော အချက်ကို အလေးထားကာ စာများကိုပုံမှန်ဖတ်တော့သည်။ ရပြီးသားစာများကို ပြန်နွှေးလိုက်၊ အသစ်ဆိုရမည့် စာများကို မှတ်လိုက်နှင့် ပုံမှန်အတိုင်း ဖတ်မှတ်နေသည်။ ထိုအခါ နှစ်စကကဲ့သို့ စာတစ်ပုဒ်ကို မကြာခဏမဖတ်ရတော့ဘဲ အလွတ်ရ၊ အလွတ်ဆိုနိုင်လာသည်ကို ငြိမ်းချမ်းတစ်ယောက် သူ့ကိုယ်သူ သတိထားမိလာသည်။ ထို့ကြောင့် –

"အရင်လို ဉာဏ်ထိုင်းသူတစ်ယောက် မဟုတ်တော့ဘူး" ဟု သူ့ကိုယ်သူ အားတင်းကာ စာများကို ဇွဲ၊ လုံ့လဖြင့် ပိုမိုကျက်လာတော့သည်။ ထို့ကြောင့်လည်း အခြားအတန်းဖော်များနည်းတူ အကြွေးမကျန်ဘဲ ဆိုလာနိုင်တော့သည်။ ရက်ပိုင်းအတွင်း တိုးတက်လာသော ငြိမ်းချမ်းကို ဆရာမနှင့်တကွ အတန်းဖော်များကပင် အံ့သြသွားတော့သည်။

ယခင်က စာသင်ချိန်များတွင် အသံမထွက်ဝံ့သော ငြိမ်းချမ်းသည် အခုတော့ စာများဆွေးနွေးလာနိုင်တော့သည်။ စာညံ့၍ အတန်းရှေ့ထွက်ပြီး ရေသောက်ရမှာကိုပင် ဝန်လေးခဲ့သော ငြိမ်းချမ်းသည် အတန်းရှေ့သင်ပုန်းတွင် သင်္ချာပုစ္ဆာများကို ရဲရဲဝံ့ဝံ့ ထွက်တွက်နိုင်သည်။ အတန်းထဲ၌ သူ့ကိုအမြဲနှိမ်နေကျဖြစ်သူ သန်းထိုက်နှင့်ပင် ယှဉ်လာနိုင်တော့သည်။ ဟိုးယခင် သန်းထိုက်ဆီတွင် စာများဆိုစဉ်က 'ခွေးအကြီး လှည်းနင်းနေတာလို့' အပြောခံခဲ့ရသည်ကို ငြိမ်းချမ်းမှတ်မိနေသေးသည်။ ယခုတော့ ဟိုတုန်းက ငြိမ်းချမ်းမဟုတ်တော့သည်ကို ဆရာမကပင် အသိအမှတ်ပြုလာတော့သည်။

ငြိမ်းချမ်းကမူ သူ စာဖတ်နေကျပုံစံအတိုင်း နှစ်စက စာများကိုပါ ထပ်တလဲလဲပြန်နွှေး၊ ပြန်ဖတ်၏။ ထို့ကြောင့်ပင် ဘယ်စာကိုမဆို အချိန်မရွေး ပြန်ဆိုနိုင်သည်။ သည်အချက်သည်ပင် ဉာဏ်ကောင်းသော သန်းထိုက် လိုက်မမီပေ။ သန်းထိုက်မှာမူ ဉာဏ်ကောင်းသည်ဆိုကာ ရပြီးသားစာများကိုပင် ပြန်မကြည့်ဘဲ ခပ်ပေါ့ပေါ့နေခဲ့၏။ ဉာဏ်ကောင်းပြီးသားမို့ ငြိမ်းချမ်းလည်း သူ့ကိုမမီနိုင်ဘူးဟု သူ့ကိုယ်သူ အထင်ကြီးပြီး တစ်တန်းလုံးရှေ့တွင် ကြွားနေသည်။ ငြိမ်းချမ်းသည် သူစာများ အကုန်ရနေတာကို မည်သူ့ကိုမျှ မပြောပေ။ ကိုယ်ဖတ်ရမည့်စာကိုသာ ဖတ်မြဲ ဖတ်နေတော့သည်။

တစ်နေ့တွင် ဆရာမသည် –

"ပထမနှစ်ဝက် စာမေးပွဲနီးလာပြီ။ ဒါကြောင့် နှစ်စကတည်းက စာတွေကို သေချာပြန်ကျက်ထားရမယ်" ဟု မှာသည်။ အဓိကကျက်ထားရမည့်ခေါင်းစဉ်များ၊ လေ့ကျင့်ခန်းများကိုလည်း ရွေးပေးသည်။ သန်းထိုက်နှင့်အတူ တစ်တန်းလုံးသည် ကျက်ရမည့်ခေါင်းစဉ်များကို လိုက်မှတ်နေသည်။ သန်းထိုက်သည် လိုက်မှတ်နေရင်း –

"ဒီစာတွေက ရပြီးသားတွေပါ၊ ခဏလောက်ပြန်ဖတ်လိုက်ရင် ငါ့အတွက်ကတော့ မခက်ပါဘူး၊ ဟော့ကောင် ငြိမ်းချမ်း မင်းတော့ တော်တော်ကြီး ပြန်ကျက်ရဦးမှာနော် သေချာလိုက်မှတ်ထား" ဟု ငြိမ်းချမ်းကို လှမ်းကြည့်၍ တစ်တန်းလုံးကြားအောင် ပြောလိုက်သည်။ ငြိမ်းချမ်းကတော့ ပြုံး၍သာ နေလိုက်သည်။

"ဟေ့ သန်းထိုက်၊ ရပြီးသားစာတွေဆိုပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမနေနဲ့ဦး။ ငြိမ်းချမ်းကိုလည်း အထင်မသေးနဲ့။ ငြိမ်းချမ်းက ဟိုတုန်းကလို မဟုတ်တာ၊ မင်းတို့လည်းသိတယ်။ ဟေ့ ငြိမ်းချမ်း၊ မင်းကရော ကျက်ရမယ့်စာတွေ လိုက်မမှတ်ဘဲ၊ ဘာထိုင်လုပ်နေတာလဲ၊ မင်းလည်း စာတွေရလာလို့ ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်နေတာလား"

"မဟုတ်ပါဘူး ဆရာမ၊ အခု ဆရာမပေးတဲ့ ခေါင်းစဉ်တွေ လေ့ကျင့်ခန်းတွေအားလုံးက သားအကုန်လုံးရပြီးသား လေ့ကျင့်ပြီးသားတွေမို့ လိုက်မမှတ်တာပါ ဆရာမ"

"ဟေ ဟုတ်လား။ သေချာလို့လား"

"ဟုတ်ကဲ့ပါ"

သန်းထိုက်နဲ့အတူ တစ်တန်းလုံးသည် ငြိမ်းချမ်းကို အံ့အားသင့်ပြီး အထင်သေးသော အကြည့်များနှင့် ကြည့်နေသည်။

"ဆရာမ အခုပေးတဲ့စာတွေအားလုံးကို သားအခုဆိုပြပါမယ်" ဟုဆိုကာ ငြိမ်းချမ်းသည် တွက်စာများမှလွဲ၍ ကျက်စာများကို အဆက်မပြတ် တစ်လုံးမကျန် အထစ်အငေါ့မရှိ အလွတ်ဆိုပြတော့သည်။ မယုံကြည်နိုင်လောက်အောင်ပင် အလွတ်ဆိုနိုင်သော ငြိမ်းချမ်းကို ဆရာမ အံ့သြနေတော့သည်။ တစ်တန်းလုံးလည်း ငြိမ်းချမ်းကို လက်ခုပ်တီးအားပေးနေတော့သည်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေသော သန်းထိုက်မှာမူ ခေါင်းငိုက်စိုက်ကျသွားတော့သည်။

ဆရာမသည် ငြိမ်းချမ်းအား -

"အချိန်မရွေး စာတွေရအောင် ဘယ်လိုလေ့ကျင့်ထားလဲ" ဟု မေးလိုက်သည်။ ညဏ်ထိုင်း၍ စာတစ်ပုဒ်ကို အထပ်ထပ်ဖတ်ခဲ့ရခြင်း၊ ညဏ်ကောင်းသူမဟုတ်၍ သူများထက် ဖွဲ၊ လုံ့လ၊ ဝီရိယပိုပြီး စိုက်ထုတ်လေ့လာခဲ့ရခြင်း၊ နောက်ပြီး ရပြီးသားစာများကို မေ့မသွားအောင် နေ့တိုင်း ပြန်နွှေးခဲ့ရခြင်းကို ပြောပြတော့သည်။


"ငြိမ်းချမ်းပြောတာ မှန်တယ်။ လူတွေရဲ့ဦးနှောက်တွေက ဓားသွားလိုပဲ။ တုံးနေတဲ့ဓားကို ထက်နေချင်ရင် အမြဲမပြတ်သွေးနေရမယ်။ ဆက်ပြီးမသွေးဘဲ ထားလိုက်ရင် တုံးသွားမှာပဲ။ အဲဒီလိုပဲ မင်းတို့ရဲ့ဦးနှောက်ကိုလည်း အမြဲတမ်း ထက်မြက်နေအောင် စာတွေအမြဲတမ်းကျက်နေရမယ်။ အဆက်မပြတ်လေ့လာနေရမယ်။ ဒါမှ မောင်ငြိမ်းချမ်းလို အချိန်မရွေး စာတွေရနေတော့မှာပေါ့" ဟူသော ဆရာမ၏စကားအဆုံးတွင် သန်းထိုက်တစ်ယောက် မသွေးဘဲထားခဲ့သော သူ့ဦးနှောက်အတွက် တန်ဖိုးမဖြတ်နိုင်သော အသိတရားရသွားတော့သည်။

× × ×

## ရွှေသွေးစာစောင်

## စာတည်းအဖွဲ့

| | |
|---|---|
| စာတည်းမှူးချုပ် | – ဦးမျိုးထွန်း (မောင်စိမ်းနောင်–လယ်ဝေး) |
| စာတည်းမှူး | – ဒေါ်သင်းသင်းဇင် (ဇင်)လ |
| စာတည်း (တာဝန်ခံ) | – ဦးမင်းဦး (မင်းဦး– ဒသသန) |
| စာတည်း | – ဒေါ်ငြိမ်းစုလှိုင် |
| စာပေလ/ထ | – ဒေါ်ကြည်ကြည်ဝင်း<br>– ဒေါ်အေးမမသက် |



မောင်တင်ယု

# ပိုးလပြည့်

စိတ်ကူး
အောင်(ဖလမ်း)

# PO LA PYAE

Idea: Aung (Falam)
Illustrations: Maung Tin Yu




"Whenever we eat mont-hin-ga at Aunty Moe's shop, you usually put fish-sauce and chilli into it when it's almost empty."




"Then, you usually say.... Aunty Moe..... Please make the eats tasteful because you feel hot and salty."




"Oh! You can say.... Please let me have some gravy."




"If I ask her to give me some gravy, I may have only gravy."




"But when I ask her to make it tasteful, I'll have more rice noodles and eat more....Hee...."


# စက္ကူအရုပ်ခေါက်နည်း


Zay Zay

ကလေးတို့ရေ – ဒီတစ်ပတ်တော့ ရင်ထိုးတံဆိပ်ကလေး ခေါက်ကြည့်ရအောင်။






စတုရန်းပုံ စက္ကူတစ်ခုကို ပုံတွင် ပြထားသကဲ့သို့ a, b, c, d အမှတ်အသားများပေးပြီး ခေါက်ပါ။ အလယ်အူကြောင်းမျဉ်းသို့ ထပ်ခေါက်ချပါ။



















ထို့နောက် c မှတ်ထားသော အစွန်းကို ဆွဲထုတ်ပါ။ ကျန် a, b နှင့် d တို့ကိုလည်း အလားတူ ဆွဲထုတ်ပါ။ ပုံတွင် ဘယ်၊ ညာ လက်ခလယ်ချောင်းဖြင့် ထိနေသော နေရာမှ အပေါ်မြားပြရာနေရာသို့ ဆွဲခေါက်ပါ။ a, b, c, d အမှတ်အသားများ ခေါင်းချင်းဆိုင်နေသည့်ပုံကို ရရှိမည်။



အထက်ပုံပါအတိုင်း မြား ၁ နှင့် ၂ တို့ကို အလိုက်သင့်ခေါက်ပေးပါ။ အလားတူ a, b, d အကွက်များကိုလည်း ခေါက်ပေးပါ။ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈ အခေါက်ကလေးများကို ပြန်ဖွင့်ချပါ။ ထိပ်စွန်းလေးဖက်ကိုလည်း အောက်သို့ခေါက်ချပါ။




အခုဆိုရင်တော့ လှပပြီး အမြင်ဆန်းတဲ့ ရင်ထိုးတံဆိပ်ကလေးရပြီပေါ့ကွယ်။


# ဖီးကြမ်းနှင့် သီးမွှေး

ကာတွန်း - ထွေးဝင်းဇော်

# Pheegyan and Thee Hmway

By Cartoon Htay Win Zaw








"His voice is sinking."
"There are donation collectors ahead. I've brought only ten thousand kyats. I'll donate next time."
"It's a phoney voice. Remember it."
"Oh! Is it true? I met him yesterday. What a pity!"
"That's a sympathetic voice. It's a voice of passion. Well ... I'm going."
"Yes."
"You are highly skilled in reading the voice, boss."
"Of course, boss. We've gained a lot of knowledge."
"What kind of engine have you driven in the cave?"
"Z.... Z..... ZZZ...."
"Not engine. My wife has fallen asleep. She's snoring."
END.

# Vocabularies for Children

ထူးမြတ်

## ကလေးတို့အတွက် ဝေါဟာရ

ကလေးတို့ရေ - ကလေးတို့နေ့စဉ်အသုံးပြုနေတဲ့ လျှပ်စစ်ကို ဘယ်လိုရတယ်ဆိုတာ သိကြလားကွယ်။ လျှပ်စစ်ဓာတ်အားထွက်ရှိစေတဲ့ စွမ်းအင်ထုတ်လုပ်ပုံ အမျိုးမျိုးထဲက အချို့ကို လေ့လာကြည့်ပြီး အင်္ဂလိပ်လို ဝေါဟာရတွေကိုလည်း မှတ်သားကြရအောင်နော်။




**A. Sources of Power**

1. oil well = ရေနံတွင်း
2. derrick = ရေနံတွင်းတူးစက်ထိန်းသော စင်၊ ရေနံစင်၊ ရေနံတိုင်
3. sun = နေ
4. wind = လေ
5. geyser = ဓာတ်ငွေ့
6. coal mine = ကျောက်မီးသွေးတွင်း
7. coal = ကျောက်မီးသွေး
8. shuttle car = သတ္တုတွင်းများ၌ တူးဖော်ရရှိသည့် သတ္တုများကို သယ်ဆောင်ပေးသည့် လျှပ်စစ်မော်တာဖြင့် ရွေ့လျားသော ယာဉ်
9. elevator = (ကျောက်မီးသွေးစသည်ကို ကျုံးယူ၍ အမြင့်သို့တင်ပေးသော) ဇလားတပ်စက်ခါးပတ်
10. shaft = (သတ္တုတွင်း၊ အဆောက်အအုံတို့တွင် လူ၊ ပစ္စည်း၊ လေ စသည် ဝင်ထွက်ရန်) တွင်း၊ ဥမင်တွင်းခေါင်း
11. waterfall = ရေတံခွန်

**B. Generation of Power = လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း အမျိုးမျိုး**


12. refinery = ရေနံချက်စက်ရုံ
13. nuclear reactor = နျူကလီးယားဓာတ်ပေါင်းဖို
14. core = နျူကလီးယားဓာတ်ပေါင်းဖို၏ ဗဟိုချက်
15. uranium rods = ယူရေနီယံ သတ္တုချောင်းများ
16. cooling tower = ရေပူကို ပြန်မသုံးမီ အအေးခံစင်မြင့်
17. solar collector = နေရောင်ခြည်စွမ်းအင်ကို ဖမ်းယူ သိုမှီးသည့် ကိရိယာ

# ရွှေသွေးဉာဏ်စမ်း

ရွှေစင်


## ပုန်းနေသော အရုပ်များ

ပုံထဲမှာ ကြောင်၊ သစ်ရွက်၊ အိုး၊ လိပ်ပြာ၊ ပန်းသီး၊ ငှက်နဲ့ ပန်းပွင့်တို့ အသီးသီးရှိကြတယ်။ ဒါပေမဲ့ ရုတ်တရက်တော့ မမြင်တွေ့နိုင်ဘူး။ ဇွဲစပ်သေချာစွာ ကြည့်ပြီး ပုန်းနေတဲ့ အရုပ်ကလေးတွေ ဖော်ထုတ်ကြပါလားကွယ်။







## ရွှေသွေးနဲ့ ဆေးလိပ်

*  ညှော်သည်ပြန်လို့ ကျန်ခဲ့တာ
ဆေးလိပ်တစ်တိုပါ၊
နီးနားမှာလည်း မီးခြစ်တွေ့
ရွှေသွေးသဘောခွေ့။

*  ဟိုသည်ဝေ့ပြီး ကြည့်လေသော်
မေမေအဝတ်လျှော်
အတော်ပါပဲ မီးနှင့်ညှိ
စမ်းသပ်ရှုလိုက်၏။

*  အာခေါင်အထိ မီးခိုးတွေ
သီးလို့လာသလေ ...။
မျက်ရည်တွေလည်း ရွဲစိုလတ်
အသက်ရှူပါကျပ်။

*  ရင်တလှပ်လှပ်နှင့် မူးနောက်ကာ
အစာပျို့အန်လာ
ကြောက်ပါပြီဗျာ ဆေးလိပ်မုန်း
ရှောင်မည် တစ်သက်လုံး။ ။

သညာမျိုး

## ရွှေသွေး
## ယခုတစ်ပတ် ဖတ်စရာ မှတ်စရာ


* မေတ္တာစွမ်းပကားနဲ့ တောဆင်ရိုင်းရန်ကို ဖယ်ရှားပေးလိုက်တဲ့ ဖိုးကုန်း၊ ➢ (စာ ၁-၄)

* မျက်စိအန္တရာယ်ကို ကလေးတို့သိစေဖို့ သုတအဖြာဖြာပေးထားတဲ့ "သတိပြုဖွယ် မျက်စိအန္တရာယ်"၊ ➢ (စာ- ၅)

* မိတ်ဆွေကောင်းတို့ရဲ့ အပြန်အလှန်ကူညီတတ်ပုံကို ဖော်ကျူးထားတဲ့ 'ကြက်ဖကြီးတာဝန်'၊ ➢ (စာ ၆-၇)

* လူရဲ့ဦးနှောက်ဟာ မောသွားလို့ပဲ၊ သွေးနေမှုထက်တာလို့ မောသွားပမာနဲ့ ခိုင်းနှိုင်းပြတဲ့ ဝတ္ထုတို၊ ➢ (စာ ၈-၉)


* မုန့်ဖုတ်တွေ ပိုစားချင်တဲ့ ဖိုးလပြည့်၊ ➢ (စာ- ၁၀)

* ကလေးတို့ စိတ်ပျော်ရွှင်စရာ အရုပ်ခေါက်ပညာ ➢ (စာ- ၁၁)

* ဖိုးကြမ်းနဲ့ သီးမွှေးတို့ရဲ့ ဟာသဇာတ် ➢ (စာ- ၁၂)

* အင်္ဂလိပ်စာ ဝေါဟာရကြွယ်ဝစေဖို့နဲ့ ➢ (စာ -၁၄)

* ရွှေသွေးဉာဏ်စမ်းတို့ကို ဝေဝေဆာဆာ တင်ဆက်ထားပါတယ်။ ➢ (စာ -၁၅)




အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်၊ စာတည်းမှူးချုပ်က ပုံနှိပ်သူမှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့်
ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင် ရိုက်နှိပ်၍ မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။